ညွှန်ကြားလွှာအမှတ်၊ ၂၅ /၂၀၁၇

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်

အကြောင်းအရာ။ မြေ နှင့် အဆောက်အအုံများ ကာလတန်ဖိုးစိစစ်သတ်မှတ်ရာတွင် ရက်သတ္တပတ် (၂) ပတ်အတွင်း ပြီးပြတ်အောင် ဆောင်ရွက်စေနိုင်ရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကိစ္စ

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀.၄.၂၀၁၇ ရက်နေ့ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄၀/၂၀၁၇ဖြင့် လယ်ယာမြေမှအပ ကျန်မြေနှင့် အဆောက်အအုံများဝယ်ယူခြင်း၊ရောင်းချခြင်း၊ တည်ဆောက်ခြင်း၊ မေတ္တာဖြင့်ပေးအပ်ခြင်း၊ လဲလှယ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ဝင်ငွေခွန်ကောက်ခံခြင်း၊ စာချုပ်စာတမ်းများ မှတ်ပုံတင်ဆောင်ရွက်ခြင်း နှင့် စာချုပ်စာတမ်းအပေါ် ထိုက်သင့်သည့်တံဆိပ်ခေါင်းခွန်ထမ်းဆောင်ခြင်းတို့ ဆောင်ရွက်ရာတွင် မြေနှင့်အဆောက်အအုံတို့၏ ကာလတန်ဖိုးစိစစ်သတ်မှတ်ပေးနိုင်ရန်အတွက် ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့ကို ဖွဲ့စည်းထားပြီးဖြစ်ပါသည်။

၂။ လယ်ယာမြေမှအပ ကျန်မြေနှင့်အဆောက်အအုံများ ကာလတန်ဖိုးစိစစ်သတ်မှတ်သည့် အဖွဲ့များ ကို အောက်ပါအတိုင်းဖွဲ့စည်းထားရှိပြီး ပြည်တွင်းအခွန်များဦးစီးဌာနက ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်လျက် ရှိပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့၏ စည်ပင်သာယာနယ်နိမိတ်အတွင်း ဖြစ်ပါက သက်ဆိုင်ရာတိုင်းဒေသကြီးကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့၊

(ခ) ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့၏ စည်ပင်သာယာနယ်နိမိတ်ပြင်ပ ဖြစ်ပါက သက်ဆိုင်ရာမြို့နယ်ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့၊

(ဂ) ရန်ကုန်တိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးတို့မှအပ အခြားတိုင်းဒေသကြီး/ပြည်နယ် များဖြစ်ပါက သက်ဆိုင်ရာမြို့နယ်ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့၊

လုပ်ထုံးလုပ်နည်းများ

၃။ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများအနေဖြင့် မြေနှင့်အဆောက်အအုံများ ကာလတန်ဖိုးစိစစ်သတ်မှတ်ရာတွင် ဆောင်ရွက်သွားရမည့် လုပ်ထုံးလုပ်နည်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ကာလတန်ဖိုးစိစစ်သတ်မှတ်မည့်ကိစ္စများအလိုက် လိုအပ်သည့် အောက်ပါ အထောက်အထားများကိုတောင်းခံစိစစ်၍ ပြည့်စုံပါက ဝင်စာမှတ်ပုံတင်စာအုပ်တွင် ဝင်စာရေးသွင်းရန် တာဝန်ပေးအပ်ခြင်းခံရသူ အမှုထမ်းက လက်ခံရရှိကြောင်း စာရင်းရေးသွင်းရမည်၊

(၁) **မြေနှင့် အဆောက်အအုံဝယ်ယူခြင်းဖြစ်ပါက-**

(ကက) ဂရန်မြေဖြစ်ပါက မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်း နှင့် မြေစီမံခန့်ခွဲမှုဌာနခွဲမှ ထုတ်ပေးသောမြေရာဇဝင်ပုံစံ (၁၀၅)၊ ပုံစံ(၁၀၆) မူရင်း/မိတ္တူ (သို့မဟုတ်) ဂရန်မရရှိသေးသည့် ခွင့်ပြုချထားမြေဖြစ်ပါက သက်ဆိုင်ရာမြေယာကော်မတီသို့ ပေးသွင်းသည့် မြေယာဖော်ထုတ်စရိတ်နှင့် မြေယာစီမံခန့်ခွဲမှုစရိတ် ပေးသွင်းသည့် ငွေသွင်းချလန်မူရင်းနှင့်မိတ္တူများ၊

(ခခ) ဝယ်ယူသူနှင့်ရောင်းချသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူနှင့် အိမ်ထောင်စုဇယား ပုံစံ ၆၆/၆ မူရင်း/မိတ္တူနှင့် ဝယ်ယူသူ နှင့် ရောင်းချသူတို့ကိုယ်စားဆောင်ရွက်သည့် ကိုယ်စားလှယ်ဖြစ်ပါက ဝယ်ယူသူ၊ ရောင်းချသူတို့မှ လွှဲအပ်သော ကိုယ်စားလှယ်လွှဲစာနှင့် ကိုယ်စားလှယ်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း၊ မိတ္တူနှင့် အိမ်ထောင်စုဇယားပုံစံ ၆၆/၆ မူရင်း/မိတ္တူ၊

(ဂဂ) မြေကွက်ဓါတ်ပုံ(ရှေ့၊နောက်၊ဘေး၊ ၂ ဖက်)၊

(ဃဃ) မြေငှားစာချုပ်(ဂရန်) မူရင်း/မိတ္တူ၊

(ငင) အရောင်းအဝယ်စာချုပ် မူရင်း/မိတ္တူ၊

(၂) မြေနှင့် အဆောက်အအုံအား မေတ္တာဖြင့် ပေးကမ်းခြင်းဖြစ်ပါက-

(ကက) ဂရန်မြေဖြစ်ပါက မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနခွဲမှ ထုတ်ပေးသော မြေရာဇဝင်ပုံစံ(၁၀၅)၊ ပုံစံ(၁၀၆) မူရင်း/မိတ္တူ (သို့မဟုတ်) ဂရန်မရရှိသေးသည့် ခွင့်ပြုချထား မြေဖြစ်ပါက သက်ဆိုင်ရာမြေယာ ကော်မတီသို့ ပေးသွင်းသည့် မြေယာဖော်ထုတ်စရိတ်နှင့် မြေယာစီမံခန့်ခွဲမှုစရိတ် ပေးသွင်းသည့် ငွေသွင်းချလန်မူရင်းနှင့်မိတ္တူများ၊

(ခခ) ပေးကမ်းသူနှင့်လက်ခံသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူနှင့် အိမ်ထောင်စုဇယား ပုံစံ၆၆/၆ မူရင်း/မိတ္တူနှင့် ပေးကမ်းသူနှင့် လက်ခံသူ၏ကိုယ်စားဆောင်ရွက်သည့် ကိုယ်စားလှယ်ဖြစ်ပါက ပေးကမ်းသူနှင့် လက်ခံသူတို့မှ လွှဲအပ်သော ကိုယ်စားလှယ်လွှဲစာနှင့် ကိုယ်စားလှယ်၏ နိုင်ငံသားစိစစ်ရေး ကတ်ပြားမူရင်း၊ မိတ္တူနှင့် အိမ်ထောင်စုဇယား ပုံစံ ၆၆/၆ မူရင်း/မိတ္တူ၊

(ဂဂ) ပေးကမ်းသူ၏ အမွေဆက်ခံမည့်သူများရှိပါက ပေးကမ်းမှုကို သိရှိပါကြောင်းနှင့် ၎င်းတို့၏ပိုင်ဆိုင်မှုများကို စွန့်လွှတ်ကြောင်း ကျမ်းကျိန်လွှာ၊

(ဃဃ) မြေကွက်ခါတ်ပုံ(ရှေ့၊နောက်၊ဘေး၊ ၂ ဖက်)၊

(ငင) မြေငှားစာချုပ်(ဂရန်) မူရင်း/မိတ္တူ၊

(စစ) မေတ္တာဖြင့်ပေးကမ်းခြင်းစာချုပ် မူရင်း/မိတ္တူ၊

(ဆဆ) ဂရန်အမည်ပေါက် မြေနှင့်အဆောက်အဦ ပိုင်ဆိုင်ခဲ့သည့် မိဘများမှ ကွယ်လွန်ပြီးနောက် သားသမီးတစ်ဦးဦး (သို့မဟုတ်) တစ်ဦးထက်ပိုမိုသော သားသမီးများအား အမွေဆက်ခံစေသည့် ကိစ္စရပ်များအတွက် အမွေဆက်ခံပိုင်ဆိုင်ကြောင်း မှတ်ပုံတင်သည့် မွေက်ဟကြေညာစာချုပ်နှင့် မေတ္တာဖြင့် ပေးကမ်းခြင်း ကိစ္စရပ်များအတွက် နောင်တစ်ချိန်၌ မေတ္တာဖြင့် ပေးကမ်းခြင်းမှာ ပျက်ပြယ်ကြောင်း (သို့မဟုတ်) မေတ္တာမြောက်ပေးကမ်းခြင်း မမြောက်ကြောင်း ပေါ်ပေါက်လာပါက နိုင်ငံတော်၏ အခွန်ငွေများ နစ်နာဆုံးရှုံးမှု မရှိစေရန် ခံဝန်တင်သွင်းသည့် စာချုပ်၊

(၃) မြေနှင့် အဆောက်အအုံများလဲလှယ်ခြင်းဖြစ်ပါက-

(ကက) ဂရန်မြေဖြစ်ပါက မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနခွဲမှ ထုတ်ပေးသောမြေရာဇဝင်ပုံစံ (၁၀၅)၊ ပုံစံ(၁၀၆) မူရင်း/ မိတ္တူ(သို့မဟုတ်) ဂရန်မရရှိသေးသည့် ခွင့်ပြုချထားမြေဖြစ်ပါက သက်ဆိုင်ရာ မြေယာကော်မတီသို့ ပေးသွင်းသည့် မြေယာဖော်ထုတ်စရိတ်နှင့် မြေယာစီမံခန့်ခွဲမှု စရိတ်ပေးသွင်းသည့် ငွေသွင်းချလန်မူရင်းနှင့်မိတ္တူများ၊

(ခခ) လဲလှယ်သူနှစ်ဦး၏ နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူနှင့် အိမ်ထောင်စုဇယားပုံစံ ၆၆/၆ မူရင်း/မိတ္တူနှင့် လဲလှယ်သူနှစ်ဦး၏ ကိုယ်စားဆောင်ရွက်သည့် ကိုယ်စားလှယ်ဖြစ်ပါက လဲလှယ်သူနှစ်ဦးမှ လွှဲအပ်သော ကိုယ်စားလှယ်လွှဲစာ နှင့် ကိုယ်စားလှယ်၏ နိုင်ငံသား စိစစ်ရေးကတ်ပြား မူရင်း/ မိတ္တူနှင့် အိမ်ထောင်စုဇယား ပုံစံ ၆၆/၆ မူရင်း/ မိတ္တူ၊

(ဂဂ) မြေကွက်ဓါတ်ပုံ(ရှေ့၊နောက်၊ဘေး၊ ၂ ဖက်)၊

(ဃဃ) မြေငှားစာချုပ်(ဂရန်) မူရင်း/မိတ္တူ၊

(ငင) လဲလှယ်ခြင်းနှစ်ဦးသဘောတူကတိစာချုပ် မူရင်း/မိတ္တူ၊

(၄) **အဆောက်အဦတည်ဆောက်သည့် ကိစ္စဖြစ်ပါက-**

(ကက) အဆောက်အဦဆောက်လုပ်ခွင့်ပြုမိန့်၊

(ခခ) စည်ပင်သာယာရေးကော်မတီမှ အတည်ပြုထားသည့် အဆောက်အဦပုံကြမ်း၊ ခန့်မှန်း ကုန်ကျစရိတ်၊

(ဂဂ) အဆောက်အဦပိုင်ရှင်၏ နိုင်ငံသားစိစစ်ရေးကဒ်မူရင်း/ မိတ္တူနှင့် အိမ်ထောင်စု ဇယားပုံစံ ၆၆/၆ မူရင်း/မိတ္တူ၊

(ဃဃ) အဆောက်အဦဓါတ်ပုံ(ရှေ့၊နောက်၊ဘေး၊ ၂ ဖက်)၊

(ခ) ကာလတန်ဖိုးစိစစ်သတ်မှတ်ပေးရမည့် အခြေပစ္စည်းများ မှတ်ပုံတင်စာရင်း (တစဖပုံစံ-၁) စာအုပ်တွင် တာဝန်ပေးအပ်ထားသည့် ဝန်ထမ်းက ပြည့်စုံစွာဖော်ပြ၍ မှတ်ပုံတင်ရေးသွင်းရမည်ဖြစ်သည်၊

(ဂ) ကာလတန်ဖိုးစိစစ်သတ်မှတ်ပေးရန်တင်ပြလာသည့် မြေ/အဆောက်အုံနှင့် ပတ်သက်၍ ရရှိထားသော အချက်အလက်များအပေါ်မူတည်၍ သတင်းစာရင်း ရယူခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းများ၊ တန်ဖိုးသတ်မှတ်ခြင်းများကို ဆောင်ရွက်နိုင်ရန် **လတစ်လတွင် ၁၀ရက်လျှင် တစ်ကြိမ်နှုန်းဖြင့် တန်ဖိုးစိစစ်သတ်မှတ်သည့် အစည်းအဝေး ပြုလုပ် ကျင်းပရန်ဖြစ်ပါသည်။** ကာလတန်ဖိုးစိစစ်သတ်မှတ်ရမည့် မြေ/အဆောက်အအုံနှင့် ပတ်သက်သည့် အချက်အလက်/ အထောက်အထားများ အပြည့်အစုံကို တစဖပုံစံ(၄)တွင် ဖြည့်စွက်၍ ကာလတန်ဖိုးစိစစ်သတ်မှတ်ရေး အဖွဲ့ တွင် ပါဝင်သည့်ဌာနများ၏ ကိုယ်စားလှယ်များက မြေပြင်အနေအထားနှင့် စံနှုန်းပါ နှုန်းထားများအပေါ် အကြံပြုချက်များရယူရပါမည်၊ (ကာလတန်ဖိုးစိစစ်သတ်မှတ်ရန် တင်ပြသည့် အမှုအနည်းအများနှင့် ရုံးပိတ်ရက်များပေါ် မူတည် ဆောင်ရွက်ကြရန်ဖြစ်ပါသည်)

(၁) မြို့နယ်ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့ ဖြစ်ပါက ကာလတန်ဖိုးသတ်မှတ်ရေးအဖွဲ့ဝင်များနှင့် အစည်းအဝေးပြုလုပ်ကာ၊ ကာလတန်ဖိုးစိစစ်သတ်မှတ်ခြင်းကို ရက်ပေါင်း (၄) ရက်အတွင်း ပြီးပြတ်စေရန် ညှိနှိုင်းဆောင်ရွက်ရမည်-

(ကက) ကြိုတင်ဖိတ်ကြားခြင်း -(၁)ရက်

(ခခ) ကွင်းဆင်းစစ်ဆေးခြင်း -(၂)ရက်

(ဂဂ) အစည်းအဝေးပြုလုပ်ခြင်း -(၁)ရက်

(၂) တိုင်းဒေသကြီး/ပြည်နယ် ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့ဖြစ်ပါက မြို့နယ်သို့ စစ်ဆေးရန်အကြောင်းကြားခြင်းနှင့် မြို့နယ်မှ စစ်ဆေးတွေ့ရှိမှုအား အကြောင်းပြန်ကြားခြင်းတို့ကို (၄) ရက်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရမည်။ တိုင်းဒေသကြီးကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့ဝင်များ နှင့် အစည်းအဝေး ပြုလုပ်ကာ၊ ကာလတန်ဖိုး စိစစ်သတ်မှတ်ခြင်းကို ရက်ပေါင်း (၄) ရက် အတွင်း ပြီးပြတ်စေရန် ညှိနှိုင်းဆောင်ရွက်ရမည်-

(ကက) ကြိုတင်ဖိတ်ကြားခြင်း -(၁)ရက်

(ခခ) ကွင်းဆင်းစစ်ဆေးခြင်း -(၂)ရက်

(ဂဂ) အစည်းအဝေးပြုလုပ်ခြင်း -(၁)ရက်

(ဃ) ရန်ကုန်တိုင်းဒေသကြီး/ မန္တလေးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးရုံးများ နှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများအနေဖြင့် မိမိတို့၏ကာလတန်ဖိုးစိစစ် သတ်မှတ်ရေးအဖွဲ့များဖြင့် ကာလတန်ဖိုးသတ်မှတ်မှုအပေါ် တစဖပုံစံ-၄နှင့် တစဖပုံစံ-၃ တို့အပေါ်အခြေပြု၍ အတည်ပြုချက်ရယူခြင်းကို အစည်းအဝေးကျင်းပပြီးသည်နှင့် တစ်ပြိုင်တည်း ပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်ပါသည်၊

(င) တန်ဖိုးသတ်မှတ်ပြီးသည့် တစဖပုံစံ-၃ပါတန်ဖိုးများကို တစဖပုံစံ(၂)တွင် စာရင်းရေးသွင်းရမည်ဖြစ်ပြီး အောက်ပါအတိုင်းဆောင်ရွက်ရမည်ဖြစ်ပါသည်-

(၁) မြို့နယ်အခွန်ဦးစီးဌာနမှူးက ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်သည့်ရုံးများဖြစ်ပါက-

(ကက) ဝယ်ယူသူနှင့် ရောင်းချသူအား သတ်မှတ်တန်ဖိုးအပေါ် တည်ဆဲဥပဒေများနှင့်အညီ ဝင်ငွေခွန်ပေးဆောင်နိုင်ရေး စိစစ်ဆောင်ရွက်ရန်၊

(ခခ) သတ်မှတ်တန်ဖိုးအပေါ် ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်ကို တစ်ကြိမ်တည်း၊ တစ်ပြိုင်တည်းပေးကြေအောင် ပေးဆောင်စေပြီး၊ တံဆိပ်ခေါင်းများ ရောင်းချပေးရန်၊

(ဂဂ) ကာလတန်ဖိုးစိစစ်သတ်မှတ်ချက်အရ သတ်မှတ်တန်ဖိုးအပေါ်တွင် ဝယ်ယူသူနှင့် ရောင်းချသူမှ ဝင်ငွေခွန်ရှင်းလင်းပြီးပါက စာချုပ်ချုပ်ဆိုခြင်းအတွက် ဆက်လက်ဆောင်ရွက်ပေးနိုင်ပါရန် အကြောင်းကြားစာအား မြေစာရင်းဦးစီးဌာနသို့ ပေးပို့အကြောင်းကြားခြင်း (သို့မဟုတ်) အခွန်အကြေမပေးသွင်းဘဲ ကျန်ရှိနေပါက စာချုပ်ချုပ်ဆိုခြင်းအတွက် ဆိုင်းငံ့ထားပေးပါရန်နှင့် အခွန်ပေးကြေပြီးမှသာ ဆက်လက် ဆောင်ရွက်ပေးနိုင်ပါရန် အကြောင်းကြားစာအား မြေစာရင်းဦးစီးဌာနသို့ ပေးပို့အကြောင်းကြားခြင်းဆောင်ရွက်ရန်၊

(ဃဃ) မေတ္တာဖြင့်ပေးကမ်းခြင်း ဖြစ်ပါက မြန်မာ့လေ့ထုံးတမ်းဥပဒေများနှင့် ညီညွတ်မှုရှိ/မရှိ၊ ဆွေမျိုးတော်စပ်မှု (သို့မဟုတ်) ခိုင်လုံသောအကြောင်း ခြင်းရာတစ်စုံတစ်ရာ ရှိ/မရှိတို့ကို သေချာစွာစိစစ်၍ ထွက်ဆိုချက်များ အပြည့်အစုံရယူထားရန်၊ မေတ္တာဖြင့်

ပေးကမ်းခြင်းမဟုတ်ဘဲ ရောင်းချ၍ ဝယ်ယူခြင်းဖြစ်ကြောင်း ခိုင်လုံသော သတင်းအချက်အလက် (သို့မဟုတ်) သတင်းပေး တိုင်ကြားချက်ရရှိပါက ကာလတန်ဖိုးစိစစ်သတ်မှတ်ရေး အဖွဲ့ က ရောင်းချ/ ဝယ်ယူခြင်းဟုသတ်မှတ်၍ တည်ဆဲဥပဒေများနှင့်အညီ ဝင်ငွေခွန်ပေးဆောင်နိုင်ရေးစိစစ်ဆောင်ရွက်ရန်၊

(ငင) မြေနှင့်အဆောက်အအုံအားလဲလှယ်ခြင်းဖြစ်ပါက လဲလှယ်ခြင်း အတွက် ပိုင်ဆိုင်သူနှစ်ဦးစလုံးသည် မိမိပိုင်ပစ္စည်းကို မည်သို့ရယူ ပိုင်ဆိုင်ခဲ့ကြောင်း ကြေညာ၍ စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေရှိပါက ဝင်ငွေခွန်စည်းကြပ်မှုခံယူရမည်။ လွှဲပြောင်းရာတွင် အလိုက်ပေးရငွေပါဝင်ပါက ပေးချေသူက ထိုငွေကို မည်သို့ရရှိခဲ့ ကြောင်း၊ အခွန်ပေးဆောင်ပြီးငွေ ဖြစ်/မဖြစ် ကြေညာပြီး စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေရှိပါက ဝင်ငွေခွန် စည်းကြပ်မှု ခံယူရမည်၊

(၂) ရန်ကုန် နှင့် မန္တလေးတိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူးက ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်သည့်ရုံးများဖြစ်ပါက သက်ဆိုင်ရာစည်ပင်သာယာနယ်နမိတ် အတွင်းရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ဝယ်ယူခြင်း/တည်ဆောက် ခြင်းအတွက် စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေ စိစစ်နိုင်ရေးနှင့် တံဆိပ်ခေါင်းရောင်းချပေးနိုင်ရေး အတွက်လည်းကောင်း၊ ရောင်းချခြင်း အတွက် အခြေပစ္စည်းမှမြတ်စွန်းငွေ စည်းကြပ်နိုင်ရေးအတွက် လည်းကောင်း၊ တစဖပုံစံ-၃နှင့် အမှုတွဲ မိတ္တူ(၁)စုံကို ပေးပို့အကြောင်းကြားရမည်ဖြစ်ပါ သည်။ ကာလတန်ဖိုးစိစစ်သတ်မှတ်ရေး အဖွဲ့ဝင်များ၏ဌာနဆိုင်ရာ သတင်းပေးပို့မှု လချုပ်တွင် ဆောင်ရွက်နိုင်ရန်အတွက် တစဖပုံစံ-၃ မိတ္တူ ပေးပို့ရမည်။ တန်ဖိုးဖြတ်ဆောင်ရွက်ပြီးနောက် တစဖပုံစံ-၃ ကို (၂) ရက် အတွင်း သက်ဆိုင်ရာမြို့နယ်ရုံးသို့ပေးပို့ရမည်ဖြစ်ပြီး အခြေပစ္စည်းတည်ရှိ ရာ မြို့နယ်ရုံးတွင်သာ စည်းကြပ်ရမည်၊

(၃) ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့က တန်ဖိုးသတ်မှတ်ပြီးသော တစဖပုံစံ-၃ ပေါ်တွင် တန်ဖိုးကို ပြင်ဆင်ခြင်း (လုံးဝ) မပြုလုပ်ရ၊

(၄) တစဖပုံစံ-၃ တွင် ရောင်းချသူအမည်၊ မှတ်ပုံတင်အမှတ်နှင့်လိပ်စာ၊ ဝယ်ယူသူအမည်၊ မှတ်ပုံတင်အမှတ်နှင့်လိပ်စာ၊ ပစ္စည်း၏တည်နေရာမြေတိုင်းလိပ်စာအပြင် စာပို့လိပ်စာကိုပါ ပြည့်စုံစွာရေးသားရမည်၊

(၅) ရန်ကုန်/ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာနယ်နမိတ်အတွင်းရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများအနေဖြင့် တိုင်းဒေသကြီးကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့ထံမှ တစဖပုံစံ-၃ နှင့် အမှုတွဲမိတ္တူကိုလက်ခံရရှိပါက အထက်အပိုဒ် (င)(၁)ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်၊

၄။ အခွန်ထမ်းကိုယ်တိုင်အခွန်စည်းကြပ်သည့်စနစ် ( Self Assessment System ) ကျင့်သုံးနေသည့် အခွန်ရုံးများအနေဖြင့် တစဖပုံစံ-၃ ရောက်ရှိလာပါက နေ့ချင်းပြီး တစဖပုံစံ-၇ ထုတ်ပေးရမည်။ အခွန်ထမ်းအား ဝယ်ယူသည့်မြေ/ အဆောက်အအုံ တည်ရှိရာအခွန်ရုံးတွင် ဝယ်ယူမှု/လွှဲပြောင်းမှု စာချုပ်ချုပ်ဆိုမှတ်ပုံတင်နိုင်ရန် လိုအပ်သည့်တံဆိပ်ခေါင်းများ ရောင်းချပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရမည်။

၅။ ပြုပြင်ပြောင်းလဲနေသော နိုင်ငံရေးခေတ်စနစ်နှင့်အညီ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာ့ဘဏ်မှ နှစ်စဉ်ထုတ်ပြန်သည့် Doing Business အစီရင်ခံစာပါ နိုင်ငံအလိုက် အဆင့်သတ်မှတ်ချက်တွင် အဆင့်မြင့်လာစေရေးအတွက် ဒုတိယသမ္မတ(၂) ဦးဆောင်၍ တိုက်တွန်းဆောင်ရွက်လျက်ရှိပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ပိုင်ဆိုင်မှု လွှဲပြောင်းမှတ်ပုံတင်ခြင်းကဏ္ဍတွင် ကာလတန်ဖိုးစိစစ်သတ်မှတ် ကြာမြင့်ချိန် ရက်သတ္တပတ် (၂)ပတ်ထက် မပိုမိုစေရေးကို အလေးထားဆောင်ရွက်ကြရန်၊ ညွှန်ကြားလွှာပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန်၊ တန်ဖိုးဖြတ်ချိန်ကြန့်ကြာစေမည့် အုပ်ချုပ်မှုဖြစ်စဉ်များ မဖြစ်ပေါ်စေရေးအတွက် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူးများမှ အလေးထားကြီးကြပ်ဆောင်ရွက်သွားရမည်။